# လွတ်လပ်ရေးကြိုးပမ်းမှုကာလစာဆိုများ၏
# စေတနာနှင့်ဝတ္ထုဖန်တီးမှုအတတ်ပညာ

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မောင်မောင်လွင်စော

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည်ပါရဂူဘွဲ့အတွက်တင်သွင်းခြင်းဖြစ်ပြီး “လွတ်လပ်ရေးကြိုးပမ်းမှုကာလ စာဆိုများ၏ စေတနာနှင့်ဝတ္ထုဖန်တီးမှုအတတ်ပညာကျမ်း” ဖြစ်ပါသည်။အဆိုပါကျမ်းတွင်မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလ(၁၉၄၅)မှ(၁၉၄၇)အတွင်းထွက်ရှိသည့်ဝတ္ထုရှည်များအနက်စေတနာရည်ရွယ်ချက် ထူးခြားကောင်းမွန်သည့်ဝတ္ထုရှည်(၇)ပုဒ်ကိုရွေးချယ်သုတေသနပြုထားပါသည်။အဆိုပါ(၇)ပုဒ်မှာ သူရိယကန္တီ၏ “တကယ့်ဗမာမ’ဝတ္ထုမှာအမ်းတောင်ကြားလမ်းချွေးတပ်စခန်းနောက်ခံထားပြီးမျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ဦးတည်ရေးဖွဲ့ထားခြင်း၊ ရဲသွေး၏ “ချစ်တီးလုပ်ခဲ့သမျှ’ဝတ္ထုမှာ စစ်ကိုင်းမြို့တွင်တော်လှန်ရေးအတွက်စည်းရုံးဆောင်ရွက်ခဲ့သူတစ်ဦးအကြောင်းကိုရေးဖွဲ့ထားခြင်း၊ ဘုန်းကြွယ်၏ “ပြောက်ကျားတပ်သား” ဝတ္ထုမှာတော်လှန်ရေးအတွက်အသက်စွန့်သွားသောမိန်းမပျို တစ်ဦး အကြောင်းကို ရေးဖွဲ့ထားခြင်း၊ မင်းရှင်၏ ‘ရွက်ဝါ’ ဝတ္ထုမှာ ဂျပန်ခေတ်ကာလက နှိပ်စက် ညှဉ်းပန်း အဓမ္မပြုကျင့်ခံရသော အမျိုးသမီးအချို့ကို ကိုယ်စားပြုရေးဖွဲ့ထားခြင်း၊ မြဒေါင်းညို ၏ “လွတ်လပ်မှအမျှဝေပါ’ဝတ္ထုမှာဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွင်ပါဝင်ဆင်နွှဲပြီးအသက်စွန့်သွားရ သောရဲဘော်များကို ကိုယ်စားပြု ရေးဖွဲ့ထားခြင်း၊ မင်းအောင်၏ “သား’ ဝတ္ထုမှာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် ရေးဖွဲ့ထားခြင်းနှင့် နယ်ချဲ့လက်အောက်ရှိမြန်မာလယ်သမားများ ခံစားခဲ့ရသည့် ဆင်းရဲဒုက္ခများကို သရုပ်ဖော်ထားသည့် မောင်ထင်၏ငဘဝတ္ထု တို့ ဖြစ်ပါသည်။ အဆိုပါဝတ္ထုများသည် မြန်မာ့လွတ်လပ်ရေးအတွက် အမျိုးမျိုးအားထုတ်ကြိုးပမ်းခဲ့ကြသော မျိုးချစ် အာဇာနည်သူရဲကောင်းတို့၏စိတ်ဓာတ်ကိုအခြေခံ၍ဇာတ်လမ်းဆင်ထားသောဝတ္ထုများဖြစ်ပါသည်။ ဝတ္ထုများကိုလေ့လာရာတွင် ဝတ္ထုရှည်၏သဘော၊ စေတနာ ရည်ရွယ်ချက်၊ဇာတ်လမ်း၊ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ၊ပြောစကားများ၊ရှုထောင့်၊ရေးဟန်ဆိုသည့် ဝတ္ထု၏အင်္ဂါရပ်များနှင့် ပတ်သက် သည့် သဘော သဘာဝများကို ရှေးဦးစွာ ရှင်းလင်းတင်ပြပြီး ဝတ္ထု တစ်ပုဒ်ချင်းနှင့်ယှဉ်၍ စာပေ သုတေသန ရှုထောင့်မှ သုတေသနပြု ထားပါသည်။ လွတ်လပ်ရေး တည်တံ့ ခိုင်မြဲရေး အတွက် ဦးတည်ကာ မိမိတို့၏အနုပညာ ဖန်တီးမှုအတတ်ပညာများဖြင့် ပေါင်းစပ်၍ မည်သို့မှတ်တမ်းတင် ခဲ့သည်ဆိုသော အချက်ကို လေ့လာသိရှိနိုင်ကြမည်ဖြစ်ပါသည်။ မြန်မာတို့အနေဖြင့် လွတ်လပ်ရေး အတွက်အသက်သွေးချွေးတို့ဖြင့်ရင်းနှီးခဲ့ရသည်ကိုအမြဲထာဝစဉ်သတိရကာ၊လွတ်လပ်ရေးကိုတန်ဖိုး ထားပြီး နိုင်ငံနှင့်လူမျိုးကို မြတ်နိုးလေးစားသည့် စိတ်များ ရနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။